# Newsletter

The Newsletter of Grand Royal Group International Company Limited

Issue-002 (July 2020-September 2020)

GRAND ROYAL GROUP



## GRAND ROYAL GROUP INTERNATIONAL EXPERIENCE ON WOW AWARDS 2020




**ThaiBev's WOW AWARDS 2020,** an annual event that started in 2018 was recently concluded this October 2020. WOW or Ways of Working, aims to inspire employees through cross functional teams and come up with new and innovative concepts to drive efficiency and productivity towards a more sustainable growth for the organization.



**A LETTER FROM CEO** ► 1

**CSR HIGHLIGHT** ► 12

GRGI Supports
the People of Myanmar
Against COVID 19



**BUSINESS UPDATE** ► 6

Ways of Working Award 2020
Premier League
Tax Appreciation for 2018-2019




**HUMAN CAPITAL CORNER** ► 15

Best Companies to Work
in Myanmar Award-2020
Stress Mangement
During Covide-19



# Dear GRGians,

Mingalabar! It has now been a little over a month since my family and I finished our quarantine after arriving into the Golden land. Over the last few weeks, I have been speaking to various people both inside and outside the company, to learn more about the culture of this beautiful country and its people, and to learn about our business.

My first impressions have been very positive! I am amazed to learn all the stories about how this company has been built by the hard work and determination of the founders and the employees over the past 25 years. To me, GRG represents the spirit of Myanmar and I am delighted to be part of this story. I wish I could have travelled around to meet our employees across the country and also our customers and consumers. I have also been waiting to visit the Shwedagon pagoda ever since I arrived, but guess I will have to remain patient till things open up.

The world is being disrupted by the pandemic, and this will continue to have an impact on Myanmar well into 2021, as it will take some time for a vaccine to be developed, produced and distributed. Therefore, we will have to learn to live with the virus and balance our work and lives around it. At home it is important to take care of our parents, elders and those suffering from underlying ailments. For our business, we will need to be alert, strong and adapt to the fast-changing environment. This will require us to learn new skills while working closely together to win in the market against existing and new competitive threats, and evolving consumer behaviour.

I am optimistic about the human race, and believe we will eventually overcome the pandemic. There are many inspiring cases of scientists, frontline workers, medical caregivers and volunteers which make me believe that humanity will win over the virus.

We are fortunate to belong to a strong company, playing in a key category in Myanmar. In September, the team delivered over 1.2mn cases, taking our full year achievement to over 10mn cases in difficult conditions. This was made possible by close collaboration across all functions. For instance, the manufacturing, QA and supply chain teams who kept things moving, despite many disruptions. Or the finance team who worked through the lockdown to complete payments and financial reporting, HR team who processed salaries etc. Very proud of how everyone stepped up! The management team is now meeting daily to ensure our people are safe and our business continues to progress.

Last month, our parent ThaiBev kicked off PASSION 2025. This is the group's new 5 year program, following the success of VISION 2020, which has resulted in ThaiBev becoming the largest Food & Beverage company in ASEAN. We have an important role to play in the Group going forward, more on GRG's 2025 plan will be shared in the coming months.

Finally, I would like to thank each of you for the warm welcome I have received. Right from the airport where I saw smiling faces, through our quarantine and over the last few weeks, I feel grateful for the help and support in settling down in this uncertain situation.

Over the coming weeks, I will be continuing with my transition into the CEO role with invaluable support from GC, Sanjay and the management team. Our Board has approved the budget for 2020-21 and we will soon cascade the key business priorities to enable you to finalise your objectives.

**In the meantime, stay happy and stay safe!**

**Rahul Colaco**

Chief Executive Officer



## ဂရင်းရွိုင်ရယ်မိသားစုဝင်များခင်ဗျာ...

မင်္ဂလာပါ။ ကျွန်တော်နဲ့ ကျွန်တော့်မိသားစု ရွှေပြည်ကြီးဆီရောက်လို့ ကွာရန်တင်းဝင်ပြီးတာ အခုဆိုရင် တစ်လစွန်းစွန်းကျော်သွားပါပြီ။ သာယာလှပလှတဲ့ မြန်မာပြည်ကြီးနဲ့ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုတွေအကြောင်း၊ ကျွန်တော်တို့ လုပ်ငန်းတွေအကြောင်းသိရအောင်ဆိုပြီး ကုမ္ပဏီတွင်းနဲ့ ကုမ္ပဏီပြင်ပက ပုဂ္ဂိုလ်အသီးသီးနဲ့လွန်ခဲ့တဲ့ရက် သတ္တပတ်များမှာစကားပြောဖြစ်ခဲ့ပါတယ်။

ကျွန်တော်သိခဲ့ရတာတွေကတော်တော်လေးကို သဘောကျစရာကောင်းပါတယ်။ ဦးစီးတည်ထောင်သူများနဲ့ ဝန်ထမ်းများရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ ခိုင်မာတဲ့ သန္နိဋ္ဌာန်တွေနဲ့ဒီကုမ္ပဏီကြီးကိုလွန်ခဲ့တဲ့၂၅နှစ်တာကာလမှာဘယ်လိုတည်ထောင်ခဲ့ကြတယ်ဆိုတဲ့ အကြောင်းတွေသိခဲ့ရတာအံ့အားသင့်ရပါတယ်။ GNGဟာမြန်မာ့စိတ်ဓာတ်၊မြန်မာ့ခွန်အားဖြစ်ပြီး အဲ့ဒီအဖြစ်မှာ ကျွန်တော့အနေနဲ့ပါဝင်ခွင့်ရတာ ဝမ်းမြောက်မိပါတယ်။ တစ်နိုင်ငံလုံးမှာရှိနေတဲ့ ကျွန်တော်တို့ဝန်ထမ်းတွေ၊ ဖောက်သည်တွေနဲ့စားသုံးသူတွေထံခရီးတွေနှင့်ပြီး ဆုံတွေ့ခွင့်ရရင်ကောင်းမှာပဲလို့လည်း ဆန္ဒပြုမိပါတယ်။ မြန်မာပြည်ကို ရောက်ကတည်းက ရွှေတိဂုံစေတီတော်ကြီးဆီ သွားရောက်ဖူးမျှော်ဖို့လည်းစောင့်ဆိုင်းလျက်ရှိပါတယ် သို့သော်လည်းအစစအရာရာပြန်ဖွင့်တဲ့အချိန်ကို စိတ်ရှည်ရှည်နဲ့ဆက်စောင့်ရဦးမှာပဲဖြစ်ပါတယ်။

ကပ်ရောဂါကြောင့်ကမ္ဘာကြီးဟာအနှောက်အယှက်အဟန့်အတားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ကာကွယ်ဆေးဖော်ထုတ်ဖို့၊လုပ်ဖို့နဲ့ဖြန့်ဝေဖို့အချိန်အတိုင်းအတာတစ်ခုကြာဦးမှာဖြစ်တဲ့အတွက် ဒီပြဿနာရဲ့ရိုက်ခတ်မှုတွေကို၂၀၂၁ခုနှစ်ထိမြန်မာပြည်မှာဆက်လက်ကြုံတွေ့ရဦးမှာပါ။ အဲ့ဒီအတွက်ကြောင့်ရောဂါပိုးနဲ့အတူဘယ်လိုရင်ဆိုင်နေထိုင်မလဲနဲ့ရောဂါပိုးအကြားက မိမိတို့ရဲ့ လုပ်ငန်းခွင်နဲ့ဘဝကို ဘယ်လို ချိန် ညှိကြမလဲဆိုတာလေ့လာသွားကြရမှာ ဖြစ်ပါတယ်။အိမ်မှာဆိုရင် မိမိတို့ရဲ့မိဘတွေ၊ လူကြီးတွေနဲ့နေထိုင်မကောင်းဖြစ်တဲ့သူတွေကို ဂရုစိုက်စောင့်ရှောက်ဖို့အရေး ကြီးပါတယ်။ လုပ်ငန်းခွင်မှာဆိုရင် ပြောင်းလဲမှုတွေမြန်ဆန်လှတဲ့ပတ်ဝန်းကျင်နဲ့အညီ မျက်စိဖွင့်နားစွင့်ပြီး အားအင်အပြည့်နဲ့ လိုက်လျောညီထွေရှိအောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဈေးကွက်မှာတည်ဆဲနဲ့ နောင်ပေါ်ပေါက်လာမယ့်ပြိုင်ဘက်တွေကို ရင်ဆိုင်အနိုင်ယူဖို့နဲ့ ပြောင်းလဲနေတဲ့စားသုံးသူ အကြိုက်တွေကိုဖြည့်ဆည်းပေးနိုင်ဖို့မိမိတို့အတူတကွအလုပ်တွေလုပ်ကြရင်း ကျွမ်းကျင်မှုအသစ်၊ စွမ်းရည်အသစ်တွေကို မိမိတို့အနေနဲ့ဆည်းပူးဖြည့်တင်းဖို့ လိုအပ်မှာ ဖြစ် ပါတယ်။

ကျွန်တော့အနေနဲ့လူသားမျိုးနွယ်အပေါ်အပြုသဘောဆောင်အကောင်းမြင်ပြီး ဒီကပ်ရောဂါကြီးကိုနောက်ဆုံးမှာအတူတကွရင်ဆိုင်ကျော်ဖြတ်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ သိပ္ပံပညာရှင်များ၊ ရောဂါတိုက်ဖျက်ရေးမှာ ရှေ့တန်းက လုပ်ကိုင်ဆောင်ရွက်နေသူများ၊ ကုသရေးဝန်ထမ်းများနဲ့ စေတနာ့ဝန်ထမ်းများရဲ့ အံ့ချီးဖွယ် ဆောင်ရွက်မှုများကြောင့် ရောဂါပိုးကို လူသားတွေအနိုင်ရမယ်လို့ကျွန်တော့အနေနဲ့ယုံကြည်ပါတယ်။

မြန်မာပြည်ရဲ့ အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေတဲ့ ကုမ္ပဏီကြီးတစ်ခုမှာ ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းတွေ ဖြစ်ကြရတာ ကံကောင်းလှပါတယ်။ တစ်နှစ်တာ ထုတ်လုပ်ဖြန့်ချီရေးပန်းတိုင်ဖြစ်တဲ့ သေတ္တာပေါင်း ၁၀ သန်းအတွက်အခုလို အခက်အခဲတွေကြားထဲ စက်တင်ဘာလမှာ သေတ္တာပေါင်း ၁.၂သန်း ဖြန့်ချီပေးနိုင်ခဲ့ပါတယ်။ ဒါဟာ သက်ဆိုင်ရာ ဌာနအဖွဲ့အသီးသီးရဲ့ အနီးကပ် ပူးပေါင်းအားထုတ်မှုကြောင့်ဖြစ်လာခဲ့ရတာပါ။ ဥပမာအားဖြင့် ထုတ်လုပ်ရေး၊QA နဲ့ Supply Chain အဖွဲ့တွေအနေနဲ့ အတားအစီးတွေကြားထဲကနေအလုပ်ဖြစ်အောင် ထိန်းထားနိုင်ခဲ့ပါတယ်။ Finance အဖွဲ့ဆိုရင် နေအိမ်မှာနေထိုင်ရတဲ့ ကာလအတွင်းမှာ ငွေပေးချေမှုတွေနဲ့ ငွေကြေးဆိုင်ရာ အစီရင်ခံမှုတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။HRအဖွဲ့ဆိုရင်လည်းလစာပေးချေမှုတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဝန်ထမ်းတိုင်းရဲ့ ကြိုးစားဆောင်ရွက်မှုတွေအပေါ် ကျွန်တော့အနေနဲ့ သိပ်ကိုဂုဏ်ယူမိပါတယ်။ မိမိတို့ဝန်ထမ်းများ ဘေးကင်းလုံခြုံရေးနဲ့ လုပ်ငန်းလည်ပတ်မှု အားကောင်းစေရေးအတွက် စီမံအဖွဲ့အနေနဲ့ အခုဆိုနေ့စဉ်အစည်းအဝေးများ ပြုလုပ်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့လမှာ မိမိတို့ရဲ့ မိခင်အဖွဲ့အစည်းဖြစ်တဲ့ ThaiBev ဟာ PASSION 2025 ကို စတင်ခဲ့ပါတယ်။ ThaiBev ကို အာရှတိုက်ရဲ့ အကြီးဆုံး စားသောက်ကုန်ကုမ္ပဏီအဖြစ်ရောက်ရှိစေခဲ့တဲ့ VISION 2020 အစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီးတဲ့နောက် PASSION 2025 ဟာ အဖွဲ့အစည်းရဲ့ လာမယ့် ၅ နှစ်တာမှာ ဆောင်ရွက်သွားမယ့် အစီ အစဉ်ပဲဖြစ်ပါတယ်။အဖွဲ့အစည်းရဲ့ တိုးတက်မှုအတွက်မိမိတို့မှာအရေးပါတဲ့ အခန်းကဏ္ဍတွေရှိနေပါတယ်။လာမည့်လများမှာGRG ရဲ့ ၂၀၂၅ အစီအမံများကိုမျှဝေသွားပါဦးမယ်။

အဆုံးသတ်အနေနဲ့ကျွန်တော့ကိုနွေးထွေးစွာ ကြိုဆိုခဲ့ကြမှုအတွက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ပါတယ်။အပြုံးချိုချိုတွေကို လေဆိပ်ကနေထွက်တာနဲ့စပြီးကွာရန်တင်းဝင်နေစဉ်မှာရော၊ ပြီးခဲ့တဲ့ ရက်သတ္တပတ်တွေအထိပါမြင်ခဲ့ရပါတယ်။ ဒီလိုမရေမရာတဲ့ အခြေအနေကြားမှာအခြေတကျဖြစ်ဖို့အတွက် အားပေးကူညီမှုတွေအတွက် ကျွန်တော်အနေနဲ့ ကျေးဇူးအများကြီးတင်ပါတယ်။

ကျွန်တော့အနေနဲ့ လာမယ့်ရက်သတ္တပတ်များမှာ GC၊ Sanjay နဲ့ စီမံအဖွဲ့တို့ရဲ့ အဖိုးတန်တဲ့ အကူအညီများကတစ်ဆင့် CEO ရာထူး လက်ခံထမ်းဆောင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာပါ။ ၂၀၂၀-၂၀၂၁ ဘတ်ဂျတ်ကို ဘုတ်အဖွဲ့ကအတည်ပြုပေးပြီးဖြစ်ပြီး မိတ်ဆွေများရဲ့ ရည်မှန်းချက်ပန်းတိုင်တွေ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးကြီးတဲ့လုပ်ငန်းဆိုင်ရာ ဦးစားပေးကိစ္စတွေကိုအရှိန်မြှင့်လွှမ်းခြုံပြီး ကျွန်တော်တို့တွေဆောင်ရွက်သွားမှာပါ။

**လက်ရှိကာလမှာတော့ ကျန်းကျန်းမာမာပျော်ပျော်ရွှင်ရွှင်နေထိုင်ကြပါစို့ ...**

# Preventive Measures, Logistics and Donation Activities during COVID-19 Pandemic

For the safety of employees from the disease, Grand Royal Group International Co Ltd has arranged to enable its employees work from home, and the admin team has been executing two parts during this COVID-19 pandemic in Myanmar - internal preventive measures for those who have to be compulsorily presential in office due to necessities of the job, and external activities representing GRGI such as cooperating in donation of Good Citizen hand sanitizers.

Grand Royal Group International Co.,Ltdအနေဖြင့်ဝန်ထမ်းများရောဂါကင်းဝေးစေရန် ရည်ရွယ်၍ အိမ်မှနေ၍ အလုပ်လုပ်နိုင်အောင်စီစဉ်ပေးသည့်အပြင် လုပ်ငန်းလိုအပ်ချက်အရမဖြစ်မနေ ရုံးသို့လာရောက်လုပ်ကိုင်ရသည့် ဝန်ထမ်းများအတွက်လည်းAdminTeamအနေဖြင့်မြန်မာနိုင်ငံအတွင်း Covid 19ဖြစ်ပွားနေသည့်ကာလအတွင်းရုံးတွင်း ကာကွယ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီး ရုံးပြင်ပအစီစဉ်များဖြစ်သော”နိုင်ငံ့သား ကောင်း” လက်ဆေးရည် လှူဒါန်းရာတွင် GRGI ၏ ကိုယ်စားပြုအနေဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဟူ၍ နှစ်ပိုင်းခွဲခြားဆောင်ရွက်ခဲ့ပါသည်။

## As internal preventive measures;



the following procedures in accordance with the instructions of the MoHS are being exercised in order to safeguard employees and their family members from the disease:

1. installing hand-washing basins at the entry of the office;
2. having all guests and employees accessing the office wash their hands before entering; spraying their hands with hand sanitizer; taking their body-temperatures; having them wear masks and face shields as a must before entering the office and while working;
3. Providing COVID-19 educational guidelines recommended by MoHS in the office area easily visible to employees of respective departments, in meeting rooms and in the reception;
4. Installing warning signs in the office, in the reception and in the guest areas to strictly follows social distancing while receiving guests;
5. Providing sufficient quantity of face shields, masks, gloves and hand sanitizers to individual employees and ensuring to keep sufficient reserved stocks;
6. Disinfecting office and its vicinity daily;
7. Providing special waste bins to systematically dispose personal protective gears; arranging special waste bags to exclusively dispose such wastes;
8. Providing addresses and contact numbers of hospitals and fever clinics located in Yangon Region in the areas of respective departments and on notice boards in order that employees can easily access them in case of emergencies.
9. Pre-disinfecting ferry buses before and after the ride daily;
10. Providing sufficient quantity of hand sanitizers, masks, disposable tissues on ferry buses;
11. installing posters of how to wash hands systematically at basins and toilets for employees to easily notice; disinfecting the door knobs of toilets and offices frequently using hand sanitizer.

Moreover, the other necessary measures are enforced to be in line with the Grade A standard specified by the MoHS for companies which have been officially permitted to re-open.

ရုံးတွင်းကာကွယ်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ခြင်းများအနေဖြင့် MOHS ၏ လမ်းညွှန်ချက်များအတိုင်း ဝန်ထမ်းများဝန်ထမ်းများနှင့်၄င်းတို့၏မိသားစုဝင်များပါ ရောဂါကင်းဝေးစေရေးအတွက်အောက်ပါလုပ်ငန်းစဉ်များကိုဆောင်ရွက်ခဲ့ပါသည် ရုံးအဝင်တွင် လက်ဆေးဘေလ်စင်များ တည်ဆောက်တပ်ဆင်ခြင်း

- ♦ ရုံးတွင်းသို့ဝင်ထွက်သွားလာသော ပြင်ပမှဧည့်သည်များနှင့်ဝန်မ်အားလုံးကို ရုံးတွင်းမဝင်ရောက်မီလက်ဆေးစေခြင်း၊ လက်သန့်ဆေးရည်များဖြန်းပေးခြင်းနှင့်အပူချိန်တိုင်းတာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရုံးအတွင်းသို့ မဝင်ရောက်မီ နှာခေါင်း စည်း (Mask)၊ Face Shield များ မဖြစ်မနေ ဝတ်ဆင်စေခြင်း
- ♦ ရုံးဧရိယာအတွင်း MOHS မှလမ်းညွှန်ထားသော Covid 19 နှင့်ပတ်သက်သည့်ပညာပေးလမ်းညွှန်ချက်များကို ဌာနအလိုက် ဝန်ထမ်းများမြင်သာသည့်နေရာများတွင် ထားရှိပေးခြင်း၊ အစည်းအဝေးခန်းများတွင်ထားရှိပေးခြင်းနှင့်ဧည့်ကြိုကောင်တာတွင် ထားရှိခြင်း။
- ♦ ရုံးတွင်း နှင့် Reception နေရာနှင့် ဧည့်လက်ခံတွေ့ဆုံရာနေရာများတွင် Social Distancing အကွာအဝေးသတ်မှတ်ချက်အတိုင်းသာ လက်ခံတွေ့ဆုံရန်သင်္ကေတများထားရှိပေးခြင်း။
- ♦ Face Shield၊ နှာခေါင်းစည်း (Mask) လက်အိတ်နှင့် လက်သန့်ဆေးရည်များကို ဝန်ထမ်းတစ်ဦးချင်းအတွက် လုံလောက်စွာ ပေးအပ်ထားရှိပြီး လုံလောက်သောပဏာမာကိုလည်းအရန်အဖြစ်ထားရှိဆောင်ရွက်ထားခြင်း။
- ♦ ရုံးတွင်း နှင့် ရုံးပတ်ဝန်းကျင်နေရာများအားလုံးကို နေ့စဉ်ပိုးသတ်ဆေးများဖြန်းပေးခြင်း။
- ♦ တစ်ကိုယ်ရေသုံးအကာကွယ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်နိုင်ရန်သီးသန့်စွန့်ပစ်အမှိုက်ပုံးများ ထားရှိပေးခြင်း၊ တစ်ကိုယ်ရေသုံး စွန့်ပစ် ပစ္စည်းများကို သီးသန့်အမှိုက်အိတ်များဖြင့်သာ စွန့်ပစ်ရန်စီစဉ်ဆောင်ရွက်ထားခြင်း။
- ♦ ရုံးတွင်းဌာနအလိုက် ဧရိယများနှင့် ကြော်ငြာဘုတ်များတွင် အရေးပေါ်ဆက်သွယ်နိုင်ရန်ရန်ကုန်တိုင်း အတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်အလိုက်ဖျားနာကဆေးခန်းများလိပ်စာများနှင့် ဖုန်းနံပါတ်များကို ဝန်ထမ်းများအလွယ်တကူသိရှိနိုင်ရန် ထားရှိပေးခြင်း။
- ♦ ဝန်ထမ်းကြို/ပို့ဖယ်ရီကားများကို ဝန်ထမ်းများမစီးမီနှင့် စီးပြီးတိုင်းနေ့စဉ်ကြိုတင်ဆေးဖြန်းခြင်းများ ဆောင်ရွက်ခြင်း။
- ♦ ဖယ်ရီကားများအပေါ်တွင် လက်သန့်ဆေး၊ နှာခေါင်းစည်းများနှင့် တစ်ခါသုံးတစ်ရှူးများ လုံလောက်စွာ ထားရှိပေးခြင်း၊







## As external preventive measures;

logistic tasks were conducted to carry out donation activities of GRGI such as distribution of hand sanitizers and masks to State and Region public health departments, government ministries, hospitals, monasteries, quarantine centres and treatment centres all over Myanmar.

Besides, every quarterly GRGI's donation of alms items such as rice, oil, chili, onion, bean, tealeaf, salted dry fish were distributed to monasteries, nunneries, orphanage schools operated by monks; and additional donations to those recipients encountering shortage of rations were coordinated during this COVID-19 pandemic.

*Administration Team, Head Office*

ရုံးပြင်ပဆောင်ရွက်မှုများအနေဖြင့် GRGI ၏လှူဒါန်းမှုအစီစဉ်များဖြစ်သောလက်သန့်ဆေးရည်၊နှာခေါင်းစည်းများကိုမြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့်တိုင်းကျန်းမာရေးဌာနများ၊ ဝန်ကြီးဌာနာများ၊ဆေးရုံများ၊ဘုန်းကြီးကျောင်းများ၊Quarantineစင်တာများနှင့် Covid 19 ကုသရေးစင်တာများသို့လှူဒါန်းနိုင်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် GRGI ၏(၃)လတစ်ကြိမ် လှူဒါန်းမြဲဖြစ်သောဘုန်းကြီးကျောင်းများ၊သီလရှင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်မိဘမဲ့ပညာရေးကျောင်းများသို့ ဆန်၊ ဆီ၊ ငရုပ်၊ ကြက်သွန်၊ ပဲ၊ လဖက်၊ငါးခြောက် စသည့်လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့သည့်အပြင် ယခု Covid 19 ကာလအတွင်းဆွမ်းကွမ်းခက်ခဲလျှက်ရှိသော အထက်ပါကျောင်းများသို့လည်း ထပ်မံလှူဒါန်းနိုင်ရေးအတွက်ကူညီပါဝင်ဆောင်ရွက်ခဲ့ပါသည်။







# Premier League

The Premier League is the most-watched sports league in the world, broadcast in 212 territories to 643 million homes and a potential TV audience of 4.7 billion people. The Premier League ranks second in the UEFA coefficients of leagues based on performances in European competitions over the past five seasons as of 2019, only behind Spain's La Liga.

The Premier League, often referred to outside England as the English Premier League (EPL), is the top level of the English football league system. Contested by 20 clubs, it operates on a system of promotion and relegation with the English Football League (EFL). Seasons run from August'20 to May'21 with each team playing 38 matches.

ပရီးမီးယားလိဂ်သည် ကမ္ဘာပေါ်တွင် လူကြည့်အများဆုံး အားကစားပြိုင်ပွဲဖြစ်ပြီး ကမ္ဘာ့နေရာပေါင်း ၂၁၂နေရာရှိ မိသားစုပေါင်း၆၄၃သန်းအားထုတ်လွှင့်ပြသလျက်ရှိကာ တီဗီကြည့်ပရိတ်သတ် ၄.၇ ဘီလျံအထိ မြင့်တက်လာနိုင်သော ပြိုင်ပွဲဖြစ်ပါသည်။ UEFA စွမ်းဆောင်ရည် အဆင့်သတ်မှတ်ချက်အရ စပိန်လာလီဂါ ပြီးနောက် ပရီးမီးယားလိဂ်သည် ၂၀၁၉ ခုနှစ်မှစ၍ ငါးရာသီဆက်တိုက် ဥရောပအဆင့်လိဂ်ပြိုင်ပွဲများတွင် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိပါသည်။

အင်္ဂလန်နိုင်ငံပြင်ပတွင်ပရီးမီးယားလိဂ်ကို အင်္ဂလိပ်ပရီးမီးယားလိဂ်ဟု ခေါ်ဆိုသုံးစွဲလေ့ရှိပြီး အင်္ဂလန်ရှိ လိဂ်ပြိုင်ပွဲစနစ်များအနက်အဆင့်အမြင့်ဆုံး လိဂ်ပြိုင်ပွဲဖြစ်ပါသည်။အသင်း ၂၀ ယှဉ်ပြိုင်ကစားလေ့ရှိပြီး အင်္ဂလိပ်ဘောလုံးလိဂ် (EFL) အောက်တွင် အသင်းများအနေဖြင့် တန်းတက်ခြင်း၊ တန်းဆင်းခြင်းများ ကြုံတွေ့ကြရပါသည်။ လိဂ်ရာသီကို ဩဂုတ် ၂၀ မှ မေ ၂၁ အထိ ကျင်းပလေ့ရှိပြီး အသင်းတစ်သင်းလျှင် ပွဲစဉ် ၃၈ ပွဲ ယှဉ်ပြိုင်ကစားကြရပါသည်။







## Hello Everyone!

We would like to proudly announce that Grand Royal Smooth is the official broadcast sponsor of English Premier League 20/21 season which is broadcasting in Myanmar by SKYNET.

As we already know that Grand Royal Smooth is the biggest whisky brand in the Myanmar market.

That's why Grand Royal Smooth is collaborating with SkyNet and presenting the EPL which is the most exciting and biggest football league in the world.

Grand Royal Smooth is leveraging the EPL programme not only on TV channel but also on Radio and GR Smooth Facebook page to reach our audiences with more effective and efficient ways.

In order to see the upcoming events of EPL, to participate the exciting activities and win the awards, we suggest you to follow / Like the Grand Royal Smooth FB https://www.facebook.com/GrandRoyalSmoothWhisky Or scan the QR code and win prizes from GSM FB page.



**“#Stay at home and enjoy EPL with Grand Royal Smooth**

PRESENTS
COVERAGE OF

2020-2021
Season On

## အားလုံး မင်္ဂလာပါ ...

SKYNET ရုပ်သံမှ မြန်မာနိုင်ငံအတွက် ထုတ်လွှင့်ပြသနေသောအင်္ဂလိပ်ပရီးမီးယားလိဂ် ၂၀/၂၁ ရာသီအတွက် Grand Royal Smooth သည် အဓိက ပံ့ပိုးပေးသူ တစ်ဦး ဖြစ်သည့်အကြောင်း ဝမ်းမြောက်စွာကြေညာလိုက်ရပါသည်။

Grand Royal Smooth သည် မြန်မာနိုင်ငံဈေးကွက်တွင် အကြီးဆုံး ဝီစကီ အမှတ်တံဆိပ်ဖြစ်ကြောင်းမိမိတို့အားလုံး သိရှိထားပြီး ဖြစ်ပါသည်။

ယင်းအတွက်ကြောင့် Grand Royal Smooth အနေဖြင့် SKYNETနှင့် ပူးပေါင်း ကာကမ္ဘာပေါ်တွင်ရင်ခုန်စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးနှင့် အကြီးကျယ်ဆုံး အင်္ဂလိပ် ပရီးမီးယားလိဂ်ကို တင်ဆက် လိုက်ရပါသည်။

အင်္ဂလိပ် ပရီးမီးယားလိဂ် အစီအစဉ်မှတစ်ဆင့် Grand Royal Smooth သည် ပရိတ်သတ်များအား ရုပ်သံလိုင်းမှသာမက ရေဒီယိုနှင့် GR Smooth Facebook စာမျက်နှာတို့မှလည်းထိရောက်အကျိုးရှိစွာ လက်လှမ်းမီနိုင်ပါသည်။
ပရီးမီးယားလိဂ်ပွဲစဉ်များ သိရှိရန်၊ စိတ်လှုပ်ရှားဖွယ် အစီအစဉ်များတွင် ပါဝင်ရန်နှင့် ဆုလက်ဆောင်များရရှိရန်မိတ်ဆွေများအား Grand RoyalSmooth FB ဖြစ်သည့် https://www.facebook.com/GrandRoyalSmoothWhisky ကို like လုပ်ထားကြပါရန်တိုက်တွန်းအပ်ပါသည်။ သို့မဟုတ် QR ကုဒ်ကိုစကင်ဖတ်ပြီးလည်း GSM FB စာမျက်နှာမှတစ်ဆင့် ဆုလက်ဆောင်များ ရယူလိုက်ပါ။

အချုပ်ဆိုရလျှင် အင်္ဂလိပ်ပရီးမီးယားလိဂ် (EPL) သည် ကမ္ဘာပေါ်တွင် ရင်ခုန်စိတ်လှုပ်ရှားဖွယ်အကောင်းဆုံး အားကစားပြိုင်ပွဲဖြစ်ပြီးအထူးသဖြင့်အာရှတိုက်တွင်အထူးသဖြင့် လူကြိုက်များလှပါသည်။ အာရှတိုက်တွင် ယင်းအားကစား အစီအစဉ်ကို အများဆုံးထုတ်လွှင့်လျက်ရှိပါသည်။

SKYNET နှင့် ပူးပေါင်း၍ ကမ္ဘာပေါ်တွင် ရင်ခုန်စိတ်လှုပ်ရှားဖွယ် အကောင်းဆုံး အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးအားကစားအစီအစဉ်ကို မြန်မာနိုင်ငံ၏ နံပတ် (၁) ဝီစကီဖြစ်သည့် Grand Royal Smooth Whisky က မိတ်ဆွေများ၏ ရှေ့မှောက်သို့ ဆောင်ကြဉ်းလာပြီ ဖြစ်ပါသည်။

**#အိမ်မှာနေရင်း Grand Royal Smooth နှင့်အတူ အင်္ဂလိပ် ပရီးမီးယားလိဂ်ကိုရင်ခုန်ခံစားလိုက်ပါ။”**



# GRAND ROYAL GROUP INTERNATIONAL EXPERIENCE ON WOW AWARDS 2020

ThaiBev's WOW AWARDS 2020, an annual event that started in 2018 was recently concluded this October 2020. WOW or Ways of Working, aims to inspire employees through cross functional teams and come up with new and innovative concepts to drive efficiency and productivity towards a more sustainable growth for the organization. Grand Royal Group's QMS Team project, "Proprietary Alternative Material Development", was proud to be included in the top 20 out of 82 original participating teams. Teams from different countries, Thailand, Malaysia, Singapore, Vietnam, Myanmar and UK were all in attendance. The pandemic situation did not deter the company and organizers to pursue this year's event which did not lack in excitement. This year offered something different as proposals were presented virtually during two elimination rounds this September due to many restrictions. Panel of distinguished judges voted for the last 10 out of last 20 teams to qualify for the final round. Finalists have the distinction of live presentation of their proposals last October 03, 2020 in




front of top management including ThaiBev CEO and President, Mr. Thapana Sirivadhanabhakdi.

Composed of QA - Edwin A Tobias, Min Min Thu, Myat Su Hlaing and May Soe Oo, Marketing - Cavan Tennekoon and Amit Bhanot and Sales - Zaw Myo Win , thus named QMS, inclusion in the top 20 was an honor despite not being able to be included in the finals. All team proposals being competitive enough, three of four competing teams from GRG made it through the last 40 teams; QMS together with CSI:GRG of Blending (Self Designed Auto Dosing and Blending System) and GRG MIS (DOA and Digitalization). The other GRG team is Little Green of Manufacturing (Steam Turbine Project).

QMS Team had the consolation of being invited to show its video recorded project presentation





*Edwin A Tobias*
*Chief Quality Assurance Officer*

during the WOW Awards finals held in Bangkok, Thailand. Team composition and interaction with other functions already emphasized (1) Collaboration, one of the three ThaiBev Global Values. Proprietary Alternative Material Development offered a unique perspective as this involved applied research on use of Oak Chips technology. Sounds simple but actually complex, low budget requirement but with huge financial benefits to the company. Thus, the other two Global Values; (2) Creating Value and (3) Care for Stakeholders were also best exemplified in the project outcome.

The project research aims to address four major concerns; (1) Reliance on sole supplier (2) Cost inflation impacting gross margin (3) Supply bottleneck and disruption (4) Environmental impact and Sustainability. Qualification processes involved six key steps; (1) Laboratory stage with internal technical panel (2) External panel of four groups with actual drinking sessions (3) Consumer Product Test (CPT) (4) Approval from top management once CPT action standard is met (5) Initial commercial run with focus on specific market(s) (6) Follow up assessment on market feedback prior to nationwide implementation.

Based on the projected volume of major products in which the alternative material can be used, a potential annual savings of 2.46 bil MMK (US$ 1.7 mil) at 100 % replacement.

Additional realization from this project is the impact on 3 of the 17 United Nations Sustainability Development Goals (UNSDG) namely; no. 9 - Innovation and Infrastructure, no. 12 – Responsible Consumption and Production and no. 17 – Partnerships for the Goals.

All participating teams and employees definitely gained valuable experience and confidence on top of the feeling of being proud representing the company. Anticipating next year's edition of WOW Awards and excited to see what's in store for Grand Royal Group International Company Limited.

၂၀၁၈ခုနှစ်တွင်စတင်ခဲ့သည့်နှစ်စဉ်ကျင်းပမြဲအစီအစဉ်တစ်ခုဖြစ်သော ThaiBev ၏ WOW AWARDS 2020 ကို ၂၀၂၀ ခုနှစ်အတွက် အောက်တိုဘာလတွင် ကျင်းပပြီးစီးခဲ့ပါသည်။ WOW သို့မဟုတ် Ways of Working (လုပ်ကိုင်ဆောင်ရွက်မှုနည်းလမ်းများ)သည် အဖွဲ့အစည်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်ထက်မြက်မှုနှင့် အလုပ်ပြီးမြောက်မှုအားကောင်းစေရန် အလို့ငှာ လုပ်ငန်းတာဝန်အသီးသီးမှအဖွဲ့များ အချင်းချင်းကြားစိတ်အားမြှင့်တင်ပေးရန်နှင့် ဆန်းသစ်သော အတွေးအမြင်အယူအဆများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။ Grand Royal Group အောက်ရှိ QMSအဖွဲ့၏ ပရောဂျက်ဖြစ်သည့်"သမရိုးကျ မဟုတ်သည့်အဖွဲ့အစည်းပိုင် ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး (Proprietary Alternative Material Development)" ပရောဂျက်သည် ပါဝင်ယှဉ်ပြိုင်သည့် အဖွဲ့ ၈၂ ဖွဲ့၏ ပရောဂျက်များအနက် ထိပ်ဆုံးပရောဂျက် ၂၀ စာရင်းတွင် ဂုဏ်ယူဖွယ်ထည့်သွင်းသတ်မှတ်ခံခဲ့ရပါသည်။အစီအစဉ်တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ မြန်မာနှင့် ယူကေစသည့် နိုင်ငံအသီးသီးမှအဖွဲ့များ ပါဝင် ခဲ့ပါသည်။ ရောဂါဘေးအန္တရယ်များရှိနေခဲ့သော်လည်း စိတ်လှုပ်ရှားဖွယ်ကောင်းသည့်ယခုနှစ်အစီအစဉ်ကျင်းပရာတွင်ကုမ္ပဏီနှင့်စီစဉ်သူများအတွက် အဟန့်အတားမရှိခဲ့ပါ။ သို့သော် အခြေအနေအရကန့်သတ်မှုများများပြားသည့်အတွက်ပြီးခဲ့သည့်စက်တင်ဘာလ၌ပြုလုပ်ခဲ့သည့်ဆန်ခါတင်အဆင့်နှစ်ဆင့်အတွက်အဆိုပြုလွှာများကိုယခင်ကနှင့်မတူဘဲ နည်းပညာအသုံးပြု၍သာ တင်သွင်းခဲ့ရပါသည်။ ကျန်ခဲ့သည့်အဖွဲ့ ၂၀ အနက်နောက်ဆုံးအဆင့်တက်ရောက်

*Members of the QMS Team of Grand Royal Group International Company*



မည့်၁၀ဖွဲ့ကိုအကဲဖြတ်ဒိုင်လူကြီးများအဖွဲ့ကမဲပေးဆုံးဖြတ်ခဲ့ပါသည်။ThaiBev CEO နှင့် ဉက္ကဋ္ဌဖြစ်သူ Mr. Thapana Sirivadhanabhakdi ကိုယ်တိုင်ပါဝင်သည့်ထိပ်ပိုင်းစီမံအဖွဲ့၏မျက်မှောက်တွင်နောက်ဆုံးအဆင့်တက် ရောက်နိုင်ခဲ့သည့်အဖွဲ့များအနေဖြင့် မိမိတို့၏အဆိုပြုလွှာများကို ပြီးခဲ့သည့် ၂၀၂၀ ခုနှစ် အောက်တိုဘာလ ၃ရက်နေ့၌ တိုက်ရိုက်တင်ပြရှင်းလင်းခွင့်ရခဲ့ပါသည်။

QA - Edwin A Tobias၊ မင်းမင်းသူ၊ မြတ်စုလှိုင်နှင့် မေစိုးဦး၊ Marketing - Cavan Tennekoon နှင့် Amit Bhanot နှင့်Sales - ဇော်မျိုးဝင်းတို့ပူးပေါင်းဖွဲ့စည်းထားသဖြင့် QMS ဟု အမည်ရသည့်မိမိတို့အဖွဲ့သည် နောက်ဆုံးအဆင့်သို့ မတက်ရောက်နိုင်ခဲ့သော်လည်း ဆန်ခါတင် အဖွဲ့ ၂၀ စာရင်းတွင် ဂုဏ်ယူဖွယ် ပါဝင်နိုင်ခဲ့ပါသည်။အဖွဲ့အားလုံး၏ယှဉ်ပြိုင်လိုစိတ် အပြည့်အဝရှိသည့် အဆိုပြုလွှာများကြောင့် RGအောက်ရှိပြိုင်ပွဲဝင်အဖွဲ့လေးဖွဲ့အနက် သုံးဖွဲ့ဖြစ်သည့် CSI: GRG of Blending (Self Designed Auto Dosing and Blending System) နှင့် GRG MIS (DOA and Digitalization) အဖွဲ့နှစ်ဖွဲ့သည် QMS အဖွဲ့နှင့်အတူ နောက်ဆုံးအဖွဲ့လေးဆယ်အဆင့်ကိုတက်ရောက်နိုင်ခဲ့ပါသည်။ GRG ၏ စတုတ္ထပြိုင်ပွဲဝင် အဖွဲ့မှာ Little Green of Manufacturing (Steam Turbine Project) အဖွဲ့ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည့် WOW Awards နောက်ဆုံးအဆင့်၌ QMS အဖွဲ့သည် အဖွဲ့၏ ပရောဂျက် ဗီဒီယိုကို နှစ်သိမ့်ဆုအဖြစ်ပြသရန် ဖိတ်ကြားခံခဲ့ရပါသည်။ အဖွဲ့၏ ဖွဲ့စည်းပုံနှင့် အခြားလုပ်ငန်းအဖွဲ့များအကြားပေါင်းစပ်ဆောင်ရွက်ပုံတို့သည် ThaiBev၏ ဂလိုဘယ်တန်ဖိုး သုံးခုအနက် တစ်ခုဖြစ်သော (၁) ပူးပေါင်းဆောင်ရွက်ခြင်းကို ကောင်းစွာထင်ဟပ်ပေါ်လွင်စေခဲ့ပါသည်။ "သမရိုးကျမဟုတ်သည့် အဖွဲ့အစည်းပိုင် ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး (Proprietary Alternative Material Development)" သည် ဝက်သစ်ချချစ်ပ်ပြား နည်းပညာ (Oak Chips technology) အသုံးချသုတေသနများ ပါဝင်နေသည့် အတွက် အရေးပါသည့် ရှုထောင့်အမြင် တစ်မျိုးကို ပေးစွမ်းနိုင်ခဲ့ပါသည်။ ရိုးရှင်းသည်ဟုထင်ရသော်လည်းလက်တွေ့တွင်နက်နဲရှုပ်ထွေးလှပြီး ဘတ်ဂျက်လို ငွေအနည်းငယ်မျှ ဖြည့်ဆည်းပေးရုံဖြင့် ကုမ္ပဏီအတွက် ငွေကြေးကျိုးအမြတ် များစွာဖြစ်ထွန်းနိုင်ပါသည်။ သို့ဖြစ်၍ကျန်ရှိသည့်ဂလိုဘယ်တန်ဖိုးနှစ်ခုဖြစ်သော (၂)တန်ဖိုးဖန်တီးခြင်းနှင့် (၃) ကဏ္ဍစုံမှ ပါဝင်ပတ်သက်နေသူများကိုအလေးဂရုပြုခြင်းကို ပရောဂျက်ရလဒ်တွင် အကောင်းဆုံး ဖော်ထုတ်ပြသနိုင်ခဲ့ပါသည်။ပရောဂျက် သုတေသနလုပ်ငန်းသည် အဓိကအကြောင်းအရာ လေးခုဖြစ်သည့် (၁) ထောက်ပံ့သူ (Supplier) တစ်ဦးတည်းအပေါ် မှီခိုအားထားမှု၊ (၂) Gross margin ကို သက်ရောက်မှုရှိစေသည့် ဈေးနှုန်းဖောင်းပွမှု (၃) ရောင်းအားစု တန့်နေမှု (Supply bottleneck and disruption) နှင့် (၄) သဘာဝပတ်ဝန်းကျင် ဆိုင်ရာသက်ရောက်မှုနှင့်အရှည်တည်တံ့ဖွံ့ဖြိုးမှုတို့ကို ဦးတည်ဖော်ထုတ်ထားပါသည်။အရည်အချင်းစံနှုန်းသတ်မှတ်သည့်လုပ်ငန်းစဉ်များတွင် အရေးပါသည့် အဆင့်ခြောက်ဆင့် ပါဝင်ပါသည်။ ယင်းတို့မှာ (၁) ဌာနတွင်း နည်းစနစ်ပိုင်းဆိုင်ရာများ ပါဝင်သည့် ဓာတ်ခွဲခန်းကဏ္ဍ၊ (၂) အမှန်တကယ်သောက်သုံးမှုများ ပါဝင်သော အဖွဲ့လေးဖွဲ့ပါ ပြင်ပကဏ္ဍ၊ (၃) စားသုံးသူ ထုတ်ကုန်စစ်ဆေးမှု (CPT)၊ (၄) CPT ဆောင်ရွက်မှုများ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အခါ ထိပ်ပိုင်း စီမံအဖွဲ့၏သဘောတူအတည်ပြုမှု၊ (၅) ဦးတည်သတ်မှတ်ထားသောဈေးကွက်(များတွင် ကနဦးထုတ်လုပ်ဖြန့်ဖြူးမှုနှင့် (၆) တစ်နိုင်ငံလုံးအတိုင်းအတာ ထုတ်လုပ်ဖြန့်ဖြူးမှု မပြုခင် ဈေးကွက်တုန့်ပြန်မှုများကို ဆန်းစစ်လေ့လာမှုတို့ ဖြစ်ပါသည်။



အစားထိုးကုန်ပစ္စည်းများ အသုံးပြုနိုင်သော အဓိကထုတ်ကုန်များ၏ လျာထားပမာဏအပေါ် အခြေခံ၍ ၁၀၀ % အစားထိုးအသုံးပြုနိုင်မည်ဆိုပါကမြန်မာကျပ်ငွေ ၂.၄၆ ဘီလျံ (အမေရိကန်ဒေါ်လာ ၁.၇ သန်း) နှစ်စဉ်သက်သာအောင် ဆောင်ရွက်နိုင်မည့်အလားအလာကောင်းတစ်ရပ် ရှိပါသည်။ဤစီမံကိန်းအားထပမံဖော်ဆောင်နိုင် မည်ဆိုပါက ကုလသမဂ္ဂရေရှည်ဖွံ့ဖြိုးတိုးတက် ရေးပန်းတိုင်(UNSDG) ၁၇ ခုအနက် ၃ ခုအပေါ်အကျိုးသက်ရောက်မှုရှိမည် ဖြစ်ပါသည်။ ယင်းပန်းတိုင် ၃ ခုမှာ - အမှတ် ၉ ပန်းတိုင်ဖြစ်သည့် ဆန်းသစ်တီထွင်မှုနှင့်အခြေခံအဆောက်အဦ၊ အမှတ် ၁၂ပန်းတိုင်ဖြစ်သည့် တာဝန်ယူမှုရှိသည့် စားသုံးမှုနှင့်ထုတ်လုပ်မှု၊ အမှတ် ၁၇ ပန်းတိုင်ဖြစ်သည့် ပန်းတိုင်များအတွက် မိတ်ဖက်ပြုမှုတို့ ဖြစ်ကြပါသည်။

ပါဝင်ခဲ့ကြသည့် အဖွဲ့များနှင့် ဝန်ထမ်းများအားလုံးသည် ကုမ္ပဏီကို ကိုယ်စားပြုရသည့်အတွက် ဂုဏ်ယူမှုအပြင် အဖိုးတန်သောအတွေ့အကြုံများနှင့် ယုံကြည်မှုများ အခိုင်အမာရရှိခဲ့ကြပါသည်။ လာမည့်နှစ် WOW Awards အစီအစဉ်အတွက် မိမိတို့ ပြင်ဆင်ရင်း Grand Royal Group International Company Limited အနေဖြင့် မည်သို့ပါဝင်လုပ်ဆောင်နိုင်မည်ဆိုသည်ကို စိတ်လှုပ်ရှားဖွယ် စောင့်မျှော်နေမိပါတော့သည်။

## GRGI Supports the People of Myanmar Against COVID 19

In order to support the efforts of COVID-19 prevention, control and treatment in the current outbreak situation, reflecting our Corporate motto "Being A Good Corporate Citizen", Grand Royal Group International Co.,Ltd has again donated Hand Sanitizers to Quarantine Centers such as Ayeyarwady Center and Inya Center. And those hospitals where Siri Mingalar Sasana Alter Hospital, Hmawbi Sangha Hospital, Sunlungu Vipassana Monastery and Insein Ywama Monastery in yangon.

Moreover, the company has recently donated surgical masks to the Yangon Region Health Department, Yangon General Hospital, (9) townships under the care of Yangon Northern District, the venerable monks receiving treatment at Kyauktawgyi Monastery in Hmawbi Township and Rakhine State Health Department. Moreover, the company has donated the masks to" the venerable monks under quarantine in Insein Township, Quarantine Centers in Alone Township, Thingyankyun Township,Thanlyin



Township and other places in need urgently through "We Love Yangon","We Love Thanlyin", local NGO. And in the beginning of first wave in March , the company donated 200,000 bottles of "Good Corporate Citizen" Hand Sanitizer units (500 ml) to the state and regional health departments, Public Hospitals, Government offices, Covid-19 Committees, Quarantine Centers, Local Foundations and other various organizations under the guidance of Ministry of Health and Sport into the hands of people in need quickly and efficiently.

Grand Royal Group International Co.,Ltd (GRGI) သည် COVID19 ကူးစက်ရောဂါ ကာကွယ်၊တားဆီး၊ နှိမ်နှင်းနိုင်ရေးအတွက်၊ ရန်ကုန်မြို့ရှိ Quarantine center များဖြစ်ကြသော ဧရာဝတီစင်တာနှင့် အင်းလျားစင်တာတို့အပြင်၊ ကူးစက်ခံရသောသံဃာတော်အရှင်သူမြတ်များကို ကုသပေးလျက်ရှိသောသီရိမင်္ဂလာသာသနာ့ ဗိမာန်ဆေးရုံ၊ မှော်ဘီသံဃာ့ဆေးရုံ၊ စွန်းလွန်းဂူဝိပဿနာစာသင်တိုက်နှင့်အင်းစိန်ရွာမစာသင်တိုက်တို့တွင် အသုံးပြုနိုင်ပါရန်လက်သန့်ဆေးရည်များကို GRGI ၏ဆောင်ပုဒ်ဖြစ်သည့်"တာဝန်ကျေပွန်သောနိုင်ငံ့သားကောင်းဖြစ်ရေး" နှင့်အညီပေးပို့လှူဒါန်းခဲ့ ပြီးဖြစ်ပါသည်။နောင်တွင်လည်းလိုအပ်သည့် နေရာများ တွင်၊ ဆက်လက်လှူဒါန်းသွားရန် စီစဉ်ထားသည်။

ထို့အပြင်၊ မကြာသေးမီက နှာခေါင်းစည်း (Surgical Masks) များကိုလည်း ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၊ရန်ကုန်တိုင်းပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင် (၉) မြို့နယ်၊မှော်ဘီမြို့နယ်၊ကျောက်တော်ကြီး ဓမ္မာရုံတွင် Positive လက္ခဏာဖြင့်ကုသမှု ခံယူနေသော သံဃာတော်များ၊ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန နှင့် We Love Yangon၊ We Love Thanlyin တို့ကတဆင့်၊ ယခုလက်ရှိအင်းစိန်မြို့နယ် Quarantine ဝင်နေသော သံဃာတော်များ၊ အလုံမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ သန်လျင်မြို့နယ်များရှိ Quarantine Center များနှင့် အခြားလိုအပ်လျက်ရှိသောနေရာများအတွက် လှူဒါန်းထားသည်။

စတင်ဖြစ်ပွားချိန်၊ မတ်လပိုင်းကစတင်၍၊ GRGI သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူကာ၊ နိုင်ငံ့သားကောင်းအမှတ်တံဆိပ်၊လက်သန့်ဆေးရည် (၅၀၀ မီလီလီတာ) ပမာဏပါရှိသော၊လက်သန့်ဆေး ရည်ဗူးပေါင်း (၂) သိန်း ထုတ်လုပ်ပြီး၊အရေးတစ်ကြီးလိုအပ်သော ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင်ရှိ ကျန်းမာရေးဦးစီးဌာနများ၊ ပြည်သူ့ဆေးရုံကြီးများ၊ အစိုးရအဖွဲ့ရုံးများ၊ COVID-19 ကော်မတီများ၊ Quarantine Centerများ၊ ဖောင်ဒေးရှင်းများနှင့်အခြားသော NGO အဖွဲ့အစည်းများသို့ ပေးပို့လှူဒါန်းခဲ့ ပြီးပြီဖြစ်သည်။

## Congratulation Hantharwaddy United F.C.

Grand Royal Group International Co.Ltd's football club, Hantharwaddy United F.C. has ranked as place No 2 with a total 41 points in MPT Myanmar National League 2020 throughout the seasonal competitions. GRGI is proud to congratulate Hantharwaddy United F.C. for this very first time achievement in the history of the club.



"Grand Royal Group International Co.,Ltd ၏ ကိုယ်ပိုင်ဘောလုံးအသင်းဖြစ်သော ဟံသာဝတီယူနိုက်တက်အသင်းသည် ၂၀၂၀ ပြည့်နှစ်၊ MPT Myanmar National League ပြိုင်ပွဲ၊ ကျင်းပပြီးစီးချိန်တွင် စုစုပေါင်း ရမှတ် (၄၁) မှတ်ရရှိခဲ့ပြီး၊ အမှတ်ပေးဇယားတွင် အဆင့်နံပါတ် (၂) ဖြစ်ရပ်တည်နိုင်ခဲ့ ပြီး ဖြစ်ပါသည်။ ယခုကဲ့သို့ အသင်း၏ သမိုင်းတစ်လျှောက်တွင် ပထမဆုံးကြိမ်အနေဖြင့် အအောင်မြင်ဆုံးကာလကို ပိုင်ဆိုင်နိုင်ခဲ့ ခြင်းအပေါ် GRGI က အထူးဂုဏ်ယူ၊ဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။



## Tax Appreciation for 2018-2019 Assessment Year




